## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၂၄၁ / ၂၀၂၃

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်

( ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် )

### သက်သေခံပစ္စည်းစီမံထိန်းသိမ်းမှုကော်မတီအဆင့်ဆင့် ဖွဲ့စည်းခြင်း

၁။ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် တရားရုံးများက ရာဇဝတ်မှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုဖြစ်စေ၊ စစ်ဆေးစီရင်မှုဖြစ်စေ ဆောင်ရွက်ဆဲကာလတွင် သိမ်းဆည်းထားသော သက်သေခံပစ္စည်းများ တန်ဖိုးဆုံးရှုံးမှုမရှိစေရေးအတွက် စီမံထိန်းသိမ်းဆောင်ရွက်နိုင်ရန် **"သက်သေခံပစ္စည်းစီမံထိန်းသိမ်းမှုကော်မတီအဆင့်ဆင့်"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) **သက်သေခံပစ္စည်းစီမံထိန်းသိမ်းမှုဗဟိုကော်မတီ**

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယဝန်ကြီး / ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၇) | ဌာနကြီးမှူး<br>မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

(ခ) **နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်သက်သေခံပစ္စည်းစီမံထိန်းသိမ်းမှု ကော်မတီ**

| | | |
|---|---|---|
| (၁) | ကောင်စီဝင်/ ဝန်ကြီး (စီမံ/ဘဏ္ဍာ)<br>နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | အုပ်ချုပ်ရေးမှူး<br>နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | တရားရေးဦးစီးမှူး<br>တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် | အဖွဲ့ဝင် |
| (၄) | အခွန်ဦးစီးဌာနမှူး<br>နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဥပဒေအရာရှိ<br>နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (၆) | ရဲတပ်ဖွဲ့မှူး<br>နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့ | အတွင်းရေးမှူး |

(ဂ) **ခရိုင်သက်သေခံပစ္စည်းစီမံထိန်းသိမ်းမှုကော်မတီ**

| | | |
|---|---|---|
| (၁) | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ခရိုင်အခွန်ဦးစီးဌာနမှူး<br>ခရိုင်အခွန်ဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ခရိုင်ဥပဒေအရာရှိ<br>ခရိုင်ဥပဒေရုံး | အဖွဲ့ဝင် |
| (၄) | ခရိုင်ရဲတပ်ဖွဲ့မှူး<br>ခရိုင်ရဲတပ်ဖွဲ့ | အတွင်းရေးမှူး |

၂။ နိုင်ငံတော်သမ္မတရုံး၏ ၁၀ - ၇ - ၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၆ / ၂၀၂၀ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ